**Job Access**

**Driving disability employment**

# အချက်အလက် သတင်းလွှာ

# မသန်စွမ်းသူများရရှိနိုင်သည့် ဝန်ဆောင်မှုများနှင့် အစီအစဉ်များ

မသန်စွမ်းသူများအတွက် အလုပ်လုပ်ကိုင်နိုင်ရေး အဆင်သင့်ဖြစ်စေရန် ၊အလုပ်ရှာဖွေနိုင်ရန်နှင့် အလုပ်အား ဆက်လက်ထိန်းသိမ်းထားနိုင်ရန်တို့ကို ကူညီပေးနိုင်သည့် ဝန်ဆောင်မှုများနှင့် အစီအစဉ်များစွာ ရှိပါသည်။ ၄င်းတို့တွင် ပါဝင်သည်များမှာ -

**လုပ်အားခ ထောက်ပံ့ကြေးများ (Wage Subsidies)** သည် *မသန်စွမ်းသူများအားအလုပ်ခန့်ထားလိုသည့်အလားအလာရှိသောလုပ်ငန်းရှင်များ အား ဆွဲဆောင်ရန်ပေးအပ်ခြင်းဖြစ်သည်။*

**လုပ်ငန်းအခြေပြု တစ်ကိုယ်ရည် အထောက်အပံ့ (Work Based Personal Assistance)** သည် မသန်စွမ်းမှု သို့မဟုတ် ကျန်းမာရေးအခြေအနေကြောင့် ပုံမှန်အကူအညီလိုအပ်သူများအတွက် လုပ်ငန်းခွင်ထောက်ပံ့ကူညီရေး ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ကျသင့်သောကုန်ကျစရိတ်များကို ကူညီ ထောက်ပံ့ပေးသည်။

**လူပ်ရှားသွားလာရေးဆိုင်ရာခံစားခွင့် (Transport Allowance)** မှာ သင်သည် အများသုံးသယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးမပြုနိုင်သူတစ်ဦးဖြစ်လျှင် အလုပ်အသွားအပြန်စရိတ်၊ ပညာသင်ကြားခြင်း ၊လေ့ကျင့်သင်တန်းတက်ခြင်း၊ လုပ်အားပေးခြင်း သို့မဟုတ် အလုပ်ရှာဖွေရေးတို့အတွက် ကုန်ကျ သည့် သွားလာရေးစရိတ်များကို ထောက်ပံ့ပေးခြင်းဖြစ်သည်။

**အလုပ်တစ်ခုရရန် ပြောင်းရွှေ့ရာ၌ငွေကြေးကူညီပေးသော အစီအစဉ် (The Relocation Assistance to Take Up a Job Programme)** သည် သင်၏ အလုပ်ပြောင်းရွှေ့ရေးဆိုင်ရာ ကုန်ကျစရိတ်များကို ပြန်လည်ထုတ်ပေးကာဖြင့် ကူညီပေးနိုင်ပါသည်။

**တစ်ကိုယ်ရေကူညီပေးသူများနှင့် ကူညီလမ်းညွှန်ပေးသူများဆိုင်ရာ အလုပ်အကိုင်ဝန်ဆောင်မှု (Personal Helpers and Mentors Employment Services)** သည် သင်၏ဘဝတွင်စိတ်ကျန်းမာရေးကြောင့် ဆိုးဆိုးရွားရွားထိခိုက်မှုရရှိထားသဖြင့် သင့်လျော်သောဝင်ငွေထောက်ပံ့မှုကို လက်ခံရရှိပြီး အလုပ်တစ်ခုရှာဖွေရန်လိုအပ်နေပါက သင့်အား ကူညီပေးနိုင်ပါသည်။

**ဆုံးရှုံးဖွယ်ရှိသည့်အလုပ်အကိုင်ဆိုင်ရာ ကူညီထောက်ပံ့ရေး (Job in Jeopardy assistance)** သည် သင်၏မသန်စွမ်းမှု၊ ထိခိုက်ဒဏ်ရာ သို့မဟုတ် ကျန်းမာရေးအခြေအနေတစ်ခုခု ကြောင့် အလုပ်ဆုံးရှုံးနိုင်သည့်အန္တရာယ်နှင့်ကြုံတွေ့နေရသောအခါ အကူအညီရယူနိုင်ပါသည်။

**လုပ်ငန်းသစ်ထူထောင်ရေး မက်လုံးပေးအစီအစဉ် (New Enterprise Incentive Scheme)** မှ သင်အနေဖြင့် အသေးစားလုပ်ငန်းတစ်ခု အသစ်ထူထောင်လိုပါက ကူညီဆောင်ရွက်ပေးနိုင်ပါသည်။

---

Australian Government

JobAccess is the national hub for workplace and employment information for people with disability, employers and service providers.

**1800 464 800** **www.jobaccess.gov.au**

**တစ်နိုင်ငံလုံး လုပ်ငန်းအတွေ့အကြုံရရှိရေး အစီအစဉ် (National Work Experience Programme)** မှ သင့်အနေဖြင့် လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုနှင့် မိမိကိုယ်မိမိယုံကြည်မှုရရှိရန် အခကြေးငွေရသောလုပ်ငန်း သို့မဟုတ် အခကြေးငွေမရသောလုပ်ငန်းအတွေ့အကြုံတစ်ခုကို စိတ်ဝင်စားနေပါက သင့်အား ကူညီပေးနိုင်ပါသည်။

**လူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Community Development Programme)** သည် ဩစတြေးလျတိုက်၏ဝေးလံသောဒေသတွင် အများပြည်သူအလုပ်လုပ်ကိုင်နိုင်ရေးအတွက် အသင့်ဖြစ်စေရန် ကူညီပေးနိုင်ပါသည်။

**ပညာရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာ ကျွမ်းကျင်မှုများ (Skills for Education and Employment)** မှ သင်၏ အပြော၊ အရေး၊ အဖတ် သို့မဟုတ် အခြေခံ သင်္ချာအရည်အသွေးများတိုးတက်စေရန် ကူညီပေးနိုင်ပါသည်။

အထက်ပါဝန်ဆောင်မှုတစ်စုံတစ်ရာနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက သို့မဟုတ် သင့်လုပ်ငန်းခွင်အတွက် လိုအပ်ချက် များနှင့်အံဝင်ခွင်ကျဖြစ်ရန်စီမံပေးထားသော မသန်စွမ်းသူအလုပ်ခန့်ထားရေးဆိုင်ရာအချက်အလက်များကို သိရှိလိုပါက www.jobaccess.gov.au သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည် သို့မဟုတ် အလုပ်အကိုင်ရရှိရေး (JobAccess) ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဖုန်း 1800 464 800 သို့ ခေါ်ဆို ဆွေးနွေးနိုင်ပါသည် - မိုဘိုင်းဖုန်းများမှ ခေါ်ဆိုမှုများအတွက် ဝန်ဆောင်ခ ကောက်ခံပါမည်။